# ပေါရာဏာစစ်တမ်း

ပါရဂူ (Ph.D.) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မရင်ရင်သန်း (မဟာဝိဇ္ဇာ)

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

ဇန်နဝါရီလ၊ ၂၀၀၃ ခုနှစ်

## ကျမ်းပြုသူ၏ကိုယ်ရေးအကျဉ်း

| | | |
|---|---|---|
| **ကျမ်းပြုသူအမည်** | - | ရင်ရင်သန်း |
| **မွေးသက္ကရာဇ်** | - | ၂၂.၆.၁၉၆၁ |
| **မိဘအမည်** | - | ဦးအောင်စိုး - ဒေါ်တင်လှ |
| **ပညာအရည်အချင်း** | - | ဝိဇ္ဇာ (ဂုဏ်ထူး)၊ မဟာဝိဇ္ဇာ |
| **ပါရဂူဘွဲ့အကြိုသင်တန်း** | | |
| **အောင်မြင်သည့်ပညာသင်နှစ်** | - | ၁၉၉၈-၉၉ |
| **ပါရဂူဘွဲ့ကျမ်းတင်သွင်းသည့်** | | |
| **ပညာသင်နှစ်** | - | ၂၀၀၂-၂၀၀၃ |
| **ခုံအမှတ်** | - | မ-၁ |
| **ကျမ်းတင်သွင်းသည့်တက္ကသိုလ်** | - | ရန်ကုန်တက္ကသိုလ် |


## ကျမ်းအနှစ်ချုပ်

ဤပေါရာဏစစ်တမ်းကျမ်းသည် ပေါရာဏကျမ်းအမျိုးမျိုးရှိ ရှေးဟောင်းစကားလုံးများကို လေ့လာဆန်းစစ်ပြီး မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ မြန်မာအဘိဓာန်ကျမ်းဟူ၍ မယ်မယ်ရရ မပေါ်ပေါက်သေးသော ကာလတစ်လျှောက်လုံးတွင် တွင်းသင်းမင်းကြီးအစရှိသော ပေါရာဏကျမ်းပြု ဆရာတို့၏ ရှေးစကားများမပျောက်မပျက်လိုသောစေတနာကြောင့် ပေါရာဏကျမ်းများ ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ ပေါရာဏကျမ်းများရှိ ပေါရာဏကထာတို့၏ သဘောသဘာဝများကို အခြေခံ၍ မှတ်ကျောက်များကို သတ်မှတ်ခြင်းဖြင့် ပေါရာဏသတ်မှတ်ချက်ကိုပါ သီးသီးသန့်သန့် ဖြစ်စေပါသည်။ ထိုပေါရာဏအဖွင့်ကျမ်းများသည် ဘာသာစကားလေ့လာမှုအတွက် များစွာအထောက် အကူပြုပါသည်။ ပေါရာဏတို့ကို လေ့လာဆန်းစစ်ရာမှ ရှေးဟောင်းမြန်မာဘာသာစကားတွင် ဝင်ရောက်အနယ်ထိုင်အသားကျနေပြီဖြစ်သော မွေးစားစကားလုံးတို့၏ အခန်းကဏ္ဍ၊ ဒေသိယ စကားများ၏ အခန်းကဏ္ဍတို့ကိုလည်း ဖော်ပြထားပါသည်။ ကျမ်း၏နောက်ဆက်တွဲတွင် ပေါရာဏ မှတ်ကျောက်ကို အခြေခံ၍ ပြုစုထားသော ပေါရာဏကထာအဘိဓာန်သည် မြန်မာစာပေနယ်ပယ်ရှိ ပေါရာဏကျမ်းများနှင့် ပေါရာဏကထာများကို တစ်စုတစ်စည်းတည်း ဖော်ပြထားရာရောက်ပါသည်။ ရှေးမြန်မာစာပေများတွင် အသုံးပြုခဲ့သော ပေါရာဏကထာများ၏ အခန်းကဏ္ဍကို ဤကျမ်းက ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။